# နတ်ရှင်နောင်၏ မောင်ဘွဲ့ရတုများလေ့လာချက်

သီတာအောင်[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် 'နတ်ရှင်နောင်၏ မောင်ဘွဲ့ရတုများကို လေ့လာထားသော စာတမ်း ဖြစ်ပါသည်။ ဤသို့လေ့လာရာတွင် ရှေးစာဆိုတို့၏ အဆိုအမိန့်များကိုကိုးကား၍ တောင်ငူခေတ် စာဆို နတ်ရှင်နောင်၏ ဘုရားတိုင်ရတုများမှ မောင်ဘွဲ့များကို အလေ့လာခံအဖြစ် သတ်မှတ် လေ့လာ ပါသည်။နတ်ရှင်နောင်၏ စကားလုံးဆန်းသစ်တီထွင်ပုံ၊ စိတ်ကူးဆန်းကြယ်ပုံတို့ကို သုံးသပ် တင်ပြထားပါသည်။ ဤစာတမ်းပါအချက်အလက်များသည် မြန်မာကဗျာလေ့လာမှု အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ရတု၏သဘောသဘာဝ၊ ဘုရားတိုင်ရတု၊ မောင်ဘွဲ့၊ စကားအသုံးအနှုန်း

## နိဒါန်း

ဤစာတမ်းသည် နတ်ရှင်နောင်၏ မောင်ဘွဲ့ရတုများကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ မောင်ဘွဲ့များကို ရေးဖွဲ့ရာတွင် ရွှေမော်ဓောဘုရား၊ ကျိုက်ကို့ဘုရား၊ ကျိုက်ခေါက် ဘုရား၊ ချောင်းမဘုရား စသည့်ဘုရားလေးဆူကို စပ်ဆိုခဲ့ပါသည်။ ထိုရတုလက်ရာများမှ အကြောင်း အရာပိုင်းနှင့်အရေးအဖွဲ့ပိုင်းကို သိရှိစေရန်ရည်သန်၍ သုတေသနပြုလေ့လာတင်ပြ မည်ဖြစ်ပါသည်။

## ရတုဟူသည်

တောင်ငူခေတ်တွင်ထင်ရှားကျော်ကြားခဲ့သော နတ်ရှင်နောင်သည် ရတုကဗျာနှင့်ပတ်သက်၍ ရတုတံခွန်စိုက် နတ်ရှင်နောင်ဟု အသိအမှတ်ပြုခြင်းခံရသူဖြစ်သည်။ 'တင့်လှပေဟန်'၊ ဆွတ်ပျံ့ဘွယ်အောင်'၊ 'ရှစ်ဆိုင်ရွက်ကြာ' ချီရတုများဖြင့် ရတုတံခွန်စိုက်ဟူ၍ အများအသိအမှတ်ပြုခြင်းကို ခံခဲ့ရလေသည်။

> 'ရတုဟူသည် သက္ကတဘာသာ ရိတုမှပျက်လာသော ရတုလည်း ရှိသည်။ မြန်မာဘာသာပေါ်ရာဏ သက်သက်ရတုလည်းရှိသည်။ သက္ကတဘာသာ ရိတုမှာ အခါရာသီအနက်ရ၏။ မြန်မာဘာသာ ရတုမှာ သဘင်ဟူသောအနက်၊ အခမ်းအနားဟူသောအနက်၊ အခြေအနေဟူသော အနက်သုံးမျိုးရှိသည်။"[၂]

ဤသို့ ဌာနအားဖြင့် သုံးစားကွဲပြားလျက်ရှိရာ အများနှင့်သက်ဆိုင်သော အဖွဲ့ဆိုလျှင် သဘင်အနက် ရသည်။ တစ်ဦးတည်းအတွက်ဆိုလျှင် အခမ်းအနား၊ သဘာဝအခြေအနေများကို ဖွဲ့ဆိုလျှင်

---

[၁] ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ကလေးတက္ကသိုလ်

[၂] ဖေမောင်တင်၊ဦး၊၁၉၇၇၊၄၈။

အခြေအနေဟူ၍ သဘောပေါက်နိုင်ကြောင်းကိုလည်း မြန်မာစာပေသမိုင်းတွင် ရှင်းပြထားသည်ကို တွေ့ရှိရပါသည်။

ရတုအမည်များသတ်မှတ်ရာတွင် ပဒအရေအတွက်၊ ကာရန်အနေအထား၊ အချီအချစာလုံး အရေအတွက် အားဖြင့် ရတုအချီအချနည်း(၄၁)မျိုးရှိကြောင်း ဦးလွန်း၏ ကဗျာသာရတ္ထသဂြိုဟ်ကျမ်းတွင် အကျယ်တဝင့် မိန့်ဆိုထားပါသည်။ ရတုချရာတွင် အသုံးပြုသည့် ကြိယာ(၆၄)ပါးရှိကြောင်းကိုလည်း ရှင်းလင်းတင်ပြထားပါသည်။ ထို့ပြင် ရေးဖွဲ့သော အကြောင်းအရာကိုလိုက်၍ ဘုရားတိုင်ရတု၊ သိကြားတိုင်ရတု၊ မြို့ဘွဲ့ရတု၊ ပန်းဘွဲ့ရတု၊ ဥဒေါင်းဖိုမအမေးအဖြေရတု၊ ဝမ်းဘဲဖိုမ အမေးအဖြေရတု၊ တောလား၊ ရေလားရတု၊ မိုးတောရတု၊ ကျေးစေရတု၊ စစ်ချီရတု၊ မောင်ဘွဲ့ရတု၊ မယ်ဘွဲ့ရတုများအဖြစ် သတ်မှတ်ကြသည်များ ရှိသေးသည်ကိုလည်း တွေ့ရှိရသည်။

ရတုကဗျာများနှင့်ပတ်သက်၍ မြန်မာစာပေသမိုင်းတွင် ပင်းယခေတ်၌ပင် ကောင်းမွန်စွာ ရေးသားနိုင်ကြောင်းကို တင်ပြထားပါသည်။ စတုရင်္ဂဗလအမတ်ကြီး၏ 'ရွှေဖဝါးတော်အောက်ချီ' ရတုသည်ခက်ခဲနက်နဲသောအဘိဓမ္မာတရားသဘောကိုပင် ရတုပုံစံဖြင့်ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ အင်းဝခေတ်တွင် အရှိန်ကောင်းခဲ့သောရတုသည် တောင်ငူခေတ်တွင် အထွတ်အထိပ်သို့တိုင် ရောက်သည်ထိ ဖြစ်ခဲ့ရပါသည်။ အင်းဝခေတ်ကတွေ့ရှိရသော ဘုရားတိုင်ရတုများသည်လည်း ပုံစံတကျဖြင့် ခိုင်မာစွာ ပေါ်ထွက်ခဲ့ရာ တောင်ငူခေတ်သို့ ရောက်သောအခါ ယင်းလမ်းစဉ်အတိုင်း ဆက်လက်ရေးသားလာကြသည်ကို တွေ့ရှိရပါသည်။

ဘုရားတိုင်ရတုများတွင် ဘုရားဘွဲ့နှင့် လျှောက်တင်ချက်ဟူ၍ အပိုင်းနှစ်ပိုင်းအဓိကပါဝင်ပြီး ဘုရားဘွဲ့တွင် ဖွဲ့လိုသော ဘုရားတည်နေရာ၊ တည်သူဒါယိကာ၊ ဘုရားအမည်၊ ဘုရားသမိုင်းနှင့် ဘုရားဂုဏ်တော်တို့ကို ထည့်သွင်းစပ်ဆိုတတ်ကြပါသည်။ လျှောက်တင်ချက်တွင် ဘုရားရှင်ကို တိုင်တည်ခြင်းနှင့် မိမိရင်တွင်းခံစား ချက်များဖွင့်အံခြင်း၊ ချစ်သူ၏အလှဘွဲ့၊ တောတောင်ရေမြေ သဘာဝအဖွဲ့များ၊ ဆက်ကပ်လှူဒါန်းသည့်ပစ္စည်း အဖွဲ့များပါရှိပါသည်။ ဘုရားကိုတိုင်တည်ရာတွင် သာမန်သဘော၊ အလေးအနက်သဘောမျိုး တိုင်တည်ကြသည်။ ယေဘုယျခြုံကြည့်ပါလျှင် ဘုရားတိုင်ရတု တွင် ဘုရားဘွဲ့၊ ကပ်လှူသည့်ပစ္စည်းဘွဲ့၊ ခံစားချက်အဖွဲ့တို့ ပါဝင်ကြောင်း တွေ့ရှိရပါသည်။

## ၂။ မောင်ဘွဲ့ရတုများလေ့လာချက်

စာဆိုတို့သည် လောကကတစ်ပါးသူတို့ထက်ပို၍ တွေ့မြင်ခံစားတတ်ပေရာ မောင်မယ်တို့၏ အချစ်မေတ္တာဘွဲ့ တွင်လည်း မူရင်းခံစားရသည် မဟုတ်စေကာမူ အငှားခံစား၍ ရေးဖွဲ့နိုင်ပါသည်။ ဤသို့ဖြင့် နတ်ရှင်နောင်သည် အမျိုးသားစာဆိုပင်ဖြစ်လင့်ကစား အမျိုးသမီးဟန်ဖြင့် ဘုရားတိုင်ရတုများကို ရေးသားထားပါသည်။

နတရှင်နောင်၏ ဘုရားတိုင် မောင်ဘွဲ့ရတုများတွင် မောင်ကမယ်၏ အချစ်ကိုရရှိရန် ကြိုးစားရာတွင် မယ်ယုံကြည်စေရန် ချိုသာသောစကားတို့ဖြင့် အမျိုးမျိုးပြောဆိုခဲ့သည်။ မယ်၏ အချစ်ကိုရရှိပြီးသောအခါတွင် အသစ်အသစ်သောချစ်သူများကို အချစ်ဝေငှနေသည့်အတွက် တစ်ချိန်က ပြောကြားခဲ့သမျှသည် မောင်တော်၏လှည့်စားမှုများသာဖြစ်နေသည်။ ဤအကြောင်းကို အရင်းခံ၍ဖွဲ့ဆိုသော မောင်ဘွဲ့ရတုများကို လေ့လာမည်ဖြစ်ပါသည်။ မယ့်ကိုမောင်ကလှည့်စားသော အကြောင်းနှင့် မယ်ကမောင့်ကို စိတ်ဆိုး၍အမျိုးမျိုးချော့ရသော အကြောင်းကို အခြေခံရေးဖွဲ့သော ရတုများကိုလည်း ခွဲခြား လေ့လာတင်ပြမည်ဖြစ်ပါသည်။

နတ်ရှင်နောင်၏ဘုရားတိုင်မောင်ဘွဲ့မှ လှည့်စားခံရကြောင်း၊ တိုင်ကြားလျှောက်ထားချက်များကို လေ့လာတင်ပြပါမည်။ သကျမဥ္ဇူဘုရားတိုင်ရတုများတွင် 'လွှတ်ဦးသဘင်'အစချီရတု၌ ချိုသာသောစကားဖြင့် မယ်ယုံအောင် ပြောတတ်သော မောင်တော်သည် မယ့်အချစ်ကိုရရှိပြီး ရှောင်လွှဲနေကြောင်းကို

“ညင်းညင်းပျပျ၊ ယုယခွေညောင်း၊ ညွတ်ညွတ်ပျောင်းမျှ၊ ယုံကြောင်း
ယုံဖွယ်၊ အသွယ်အသွယ်ကို၊ နားဝယ်မြမြ၊ ဆိုမောလှလျက်၊
ချစ်စန္ဒဲဖင့်၊ နောင်ဘုန်းမြင့်သည်၊ ရွှေးနှင့်မတူ ထွေသောကြောင့်”[၁]

ဟူ၍ တင်ပြထားပါသည်။ ထို့ပြင် မောင်တော်သည် ပန်းကဲ့သို လည်တွင်ခွေမတတ်ချစသည်၊ အသက်မျှဝေကာချစ်သည်ဟုဆိုခဲ့သော်လည်း ယခုဤသို့မဟုတ်။ မယ့်ကိုလှည့်စားကာတစ်ပါးသူအား အချစ်မျှဝေ နေသောကြောင့်ဘုရားရှင်အားလျှောက်တင်ပါကြောင်း ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။

‘သကျမဍ္ဍူ’အစချီ ဘုရားတိုင်ရတုတွင် ဘုရားတွင် ချိုသာသောစကားစုံတို့ဖြင့် မယ်ယုံအောင် ကြိုးစားပြီးမယ့်အချစ်ကိုရသောအခါတွင် တစ်ပါးသူအားအချစ်ဝေငှနေသောအဖြစ်နှင့် ကြုံနေကြောင်းကို

“မူးမော်ဘနန်း၊ အသက်ကျွန်းမျှ၊ ဝန်းဝန်းပတ်ပတ်၊ ညွတ်ညွတ်
ခွေခေါက်၊မလျှောက်စတောင်း၊ နေ့ရက်ပေါင်းလျက်၊ ယုံကြောင်းယုံအောင်၊
သက်လက်ဆောင်နှင့်၊ တော်ယောင်သံချို၊ သို့စင်ဆိုမှ၊ နောင်ညိုရဲဖျား၊
ရန်ညွန့်တားသည်၊ တစ်ပါးသူနှင့် ကြင်သောကြောင့်”[၂]

ဟူ၍ ရေးဖွဲ့ထားသည်။ မောင်တော်သည် မယ့်အချစ်ရရန် အသက်ကုန်လုမတတ် အတူကြိုးစားခဲ့သည်။ ပျားကဲ့သို့ချိုသာသောစကားတို့ဖြင့် အသက်တမျှချစ်ကြောင်း၊ အလွန်အကြူးဆိုခဲ့သည်။ ‘သစ္စာအစုံ၊ ကျိန်မျိုးစုံ’တို့ဖြင့် ဆိုခဲ့သည်။ ယခု မကြင်နာသလို ပြုလုပ်နေသည်။ ဇမ္ဗူဒီပါလုံးတွင် မောင်တော်ကဲ့သို့ ပြောနိုင်သူရှားကြောင်း ဘုရားရှင်အား လျှောက်ထားသည်။

‘မကြောက်ခြည်မြူ’အစချီရတုတွင် (၁၀၁)ပါးသော မင်းတို့ကို အစိုးရမည့်မောင်တော်သည် အမျိုးမျိုး ကျိန်ဆိုခဲ့သော်လည်း ယခုဆိုစကားတို့ ပျက်ယွင်းနေသဖြင့် မယ့်မှာ ဗျာပါသောက ဖြစ်နေရကြောင်းကို

“မကြောက်ခြည်မြူ၊ သစ္စာဟူက၊ ရိပ်ဖြူဖြန့်ဝန်း၊ ရာ့တစ်နန်းသို့၊
ပြဋ္ဌာန်းစိုးဆောင်၊ မည့်အခေါင်လျှင်၊ သောင်းထောင်ဆယ်ပြန်၊
ကျိန်မျိုးလွန်လျက်၊ သတ်ချန်မှတ်ရော်၊ မဝေသော်လည်း၊ မူးမော်စိတ်ပန်း၊
မျှမမြန်းတည့်၊ ထောင်မွန်းနေတူ၊ ဘုန်းညွန့်လူသည်၊ မဍ္ဍူသကျာ၊
မြတ်သည့်ရာကို၊ သူသာမသင့်၊ လေတမင့်ဟု၊ ဉာဏ်ဖြင့်မြော်ဘိ၊
မတိုင်မိလည်း၊ ခုပြီမြွတ်ဖော်၊ မလျှောက်ဖျော်သည်”[၃]

ဟူ၍ တင်ပြထားသည်။ ထို့ပြင် မော်တော်သည် ထွတ်ဖျားခေါင်ရောက် မြင့်မားသောစကား၊ ‘အာကာတရှည်၊ မိုးပြင်ပြည့်မျှ’ များပြားသော စကားတို့ဖြင့် မယ်ယုံအောင် ပြောတတ်ကြောင်း၊ ယခု ထိုစကားတို့ ကွယ်ပျောက် နေကြောင်းများကို ထပ်လောင်း၍ တင်ပြထားပါသည်။

‘မြင်ထင်မြင်ပေါ်’ဘုရားတိုင်ရတုတွင် ချစ်သူမယ်အား ယုံအောင်ပြောတတ်သော မောင်တော်သည် ယခု ‘ချစ်စောင်’ထားကာ တစ်ပါးသူနှင့် ပျော်နေကြောင်းများကို လျှောက်တင်ထားပါသည်။

ယပ်စောက်ဘုရားတိုင်ရတုတွင် မောင်တော်နှင့်မယ်သည် ငယ်ကပင်ချစ်ခဲ့ကြသူများ ဖြစ်သည်။ မောင်တော်စကားကိုယုံမိ၍ ‘စိတ်တူမရှား၊ ဖော်ချင်းများ”နှင့် မိမိအကြောင်းကို ပြောပြမိသောအခါ ‘ဖွတ်လျှာဝါးငုံ၊ မုသားပုံ’ မတတ်ပြောတတ်သော မောင်တော်အကြောင်းကို သိခဲ့ရသည်။ တစ်ပါးသူအား အချစ်မျှနေကြောင်း မယ်သိခဲ့ရသည်။ မောင်တော်သည် သူ၏အကြောင်းကို မယ်မသိအထင်နှင့် သစ္စာကျိန်မြဲကျိန်ဆိုနေကြောင်းကို ထေ့ငေါ့ဟန်နှင့် တိုင်ကြားလျှောက်ထားသည်ကို တွေ့ရှိရပါသည်။

---

[၁] နတ်ရှင်နောင်၊၁၉၆၆၊၉။
[၂] –ယင်း–၊ ၁၀–၁၁
[၃] နတ်ရှင်နောင်၊ ၁၉၉၆၊ ၁၂။

ရွှေဆံတော်ဘုရားတိုင်ရတုတွင်လည်း ကျွန်ယုံများအကြိမ်ကြိမ်စေလွှတ်၍ မယ်အချစ်ရရန် ကြိုးစားခဲ့ သည်။ သို့သော် တစ်ပါးသူအား မေတ္တာမျှနေကြောင်း သိသောအခါတွင် မယ်စိတ်သည် ဆံမျှင်တစ်ခြမ်းမျှ မလေးကြောင်းထေ့ငေါ့ဟန်ဖြင့် ဘုရားရှင်အား လျှောက်ထားသည်ကို တွေ့ရှိရပါသည်။ နတ်ရှင်နောင်၏ ဘုရားတိုင်မောင်ဘွဲ့ရတုများတွင် တစ်ချိန်ကမယ်အချစ်ကိုရရန် ချိုသာသောစကားတို့ဖြင့် မယ်ယုံအောင် အမျိုးမျိုးပြောတတ်သော မောင်တော်သည် ယခုသူတစ်ပါးကို မေတ္တာမျှနေ ကြောင်းကို ဦးတည်ဖွဲ့ဆိုထားသည် ကို တွေ့ရှိရပါသည်။

မယ်ကမောင့်ကို ခေါ်ဆိုသောစကားသုံးများကိုလေ့လာကြည့်ပါက သကျမဥ္ဇူဘုရားတိုင် ရတုများတွင် "နောင်ညိုရဲများ၊ ရန်ညွန့်တား"[1] ဟူ၍ ခေါ်ဆိုထားပါသည်။

မြင်ထင်ပေါ်ဘုရားတိုင်ရတုတွင် "မော်မရှိ"၊ ရွှေဆံတော်ဘုရားတိုင်ရတုတွင်၊ "ကိုးမဲ့နေ"ဟု သုံးနှုန်းထားပုံမှာ အဖော်မရှိခြင်းဟူသော အဓိပ္ပာယ်တူကိုပင် အသုံးပြုရေးဖွဲ့ထားသည်။

ယပ်စောက်ဘုရားတိုင်ရတုတွင်"နှစ်ခွမကြဲ"ဟူ၍ အချစ်နှင့်ပတ်သက်လျှင် တစ်ဦးတစ်ယောက် တည်းကို ချစ်သည်ဟူ၍ ဖော်ပြထားပါသည်။

နတ်ရှင်နောင်သည် ချစ်မေတ္တာကို ဖော်ညွှန်းသော ချစ်စကားအလှတို့ဖြင့် မောင်ဘွဲ့ရတုတွင် နှစ်သက် ဖွယ်အသုံးပြုထားသည်ကို တွေ့ရပါသည်။ သကျမဥ္ဇူဘုရားတိုင်ရတုတွင် "ချစ်ပန်း" ဟူ၍ သုံးနှုန်းထားပါသည်။

"ရေးနှင့်မတူထွေသောကြောင့်"[2]

မြင်ထင်မြင်ပေါ်ဘုရားတိုင်ရတုတွင်

"တစ်ပါးကြင်ဖော်သူနှင့်ပျော်"[3]

ဟူ၍ သုံးနှုန်းထားပါသည်။

နတ်ရှင်နောင်က လှပနှစ်လိုဖွယ်ကောင်းသောစကားလုံးအလှ၊ အသံအလှတို့ဖြင့် စာဖတ်သူကို ဆွဲဆောင်ထားပါသည်။

သကျမဥ္ဇူဘုရားတိုင်ရတုတွင်

"မတော်ပဲပင်၊ တော်ရပ်ဆင်"[4]

"မယ့်ထကချစ်ရန်၊ ယုံမိလွန်"[5]

ဟူ၍ လွန်မိသောအဖြစ်ကိုပင် အသွင်တူဖွဲ့ဆိုထားသည်။ မောင်ကမယ့်ကို 'နားပါးမူးမျှ' ယုံအောင် အမျိုးမျိုး ပြောတတ်သည်ကိုလည်း အဓိပ္ပာယ်တူဖွဲ့ဆိုထားပါသည်။

မြင်ထင်မြင်ပေါ်ဘုရားတိုင်ရတုတွင်

"သာပျော်ပုံ့ပျူး၊ နားပါးမူးမျှ၊ ထွေထူးသံချို၊ တော်မည်ကိုလျှင်၊
နောင်ညိုဘုန်းဟော့၊ ဆိုစလေ့မူ၊ အောက်မေ့စေရ၊ တွေ့သမျှလည်း၊
ခယခွေညွတ်၊ ယုံအောင်တတ်ရှင့်"[6]

ဟူ၍ ရေးဖွဲ့ထားပါသည်။ နတ်ရှင်နောင်က သာယာနာပျော်ဖွယ် စကားတို့ကို နားပါးမူးမျှ 'နားပူမတတ်'ပြောခဲ့သည်။ မောင်တော်သည်မယ့်ကို အောက်မေ့သတိရစေရန်အမျိုးမျိုးကြံဆောင်ရုံသာ မက တွေ့သမျှလူများကိုလည်း ခစယယဖြင့် ပြောစေသည် စသည်ဖြင့် မောင်၏ကြံစည်ကြိုးစားမှုနှင့် မယ့်အခြေအနေကို စီစဉ်တကျတင်ပြထားသည်။ နတ်ရှင်နောင်သည် ယုံတတ်အောင် ပြောသော

---

[1] -ယင်း-။
[2] နတ်ရှင်နောင်၊ ၁၉၉၆၊ ၉။
[3] -ယင်း-၊ ၆၂။
[4] နတ်ရှင်နောင်၊ ၁၉၉၆၊ ၁၂။
[5] -ယင်း-။
[6] -ယင်း-၊ ၆၁။

မောင်၏အမူအရာနှင့် လုပ်ဆောင်ချက်ကို ရေးဖွဲ့ထားသည်။ သာယာသော အသံတူစကားလုံးတ.ဖြင့် ဖတ်သူနှစ်သက်၍ အဓိပ္ပာယ်ပေါ်လွင်အောင် အသုံးပြုနိုင်စွမ်း ရှိသည်ကို တွေ့ရှိရပါသည်။

နတ်ရှင်နောင်က 'ကျိန်မျိုးစုံအောင်ကျိန်တတ်သူ၊ မောင်တစ်ယောက်သာရှိကြောင်း'ကို

"ဇမ္ဗူလုံးတွင်၊ သည့်နှယ်ပင်တည့်၊ နာချင်ဘွယ်သာ၊ ပျားသကာသို့၊
မေတ္တာပျံ့ကြည်၊ ဆိုတတ်သည်ကို၊ ဖွေနည်ရည်တူ၊ ရှာမေးမြူလည်း၊
မည်သူပင်မျှ၊ ဖတ်မရတည့်"[၁]

တစ်ပါးသူအား မေတ္တာမျှနေသော်လည်း မယ်က မမူကြားကလူပင် မခံနိုင်ဖြစ်ရကြောင်းကို –

"ခုပြီဖင့်သွေ၊ သူသို့ဝေလည်း၊ ဆံမွေမြူခြင်း၊ မို့သမ်းစိတ်က၊
မလေးလှတည့်၊ ကြားကလူရှင်၊ ဖြစ်များတင်လိမ့်"[၂]

ချိုသာသောစကားတို့ဖြင့် ပြောဆိုတတ်သည်ကို

"ပျံ့ပျူးချိုပျား၊ နာသူနားဝယ်၊ သနားဘွယ်တိ၊ ကြားသောရှိလိမ့်"
"မယ့်ကိုလှည့်ဖြား၊ ဆိုသည်များကို၊ မှတ်သားပေဘွယ်၊ သူတို့ဝယ်လည်း၊
သည်နှယ်သို့ချည်း၊ ဝမ်းနည်းမပြေ၊ ကိုးမဲ့နေဘိ"[၃]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ နတ်ရှင်နောင်သည် မောင်၏လှည့်စားမှုကို ရေးဖွဲ့ထားရာစာဖတ်သူကို တွေးယူကာ အဓိပ္ပာယ်ကောက်စေပါသည်။ ထေ့ငေါ့တတ်သော အမျိုးသမီးသဘာဝကို ပေါ်လွင်အောင် ဖွဲ့ဆိုထားပါသည်။

နတ်ရှင်နောင်က ယနှင့်ရ၊ လျောက်နှင့်လျှောက်၊ လျပ်နှင့်လျှပ်တို့ကို ခွဲထားသတ်ပုံအဖြစ်

"အောက်မေ့စေရ၊ တွေ့သမျှလည်း၊ ခယဆွေညွှတ်"[၄]
"နားတော်မလျောက်၊ ကြောက်လည်းမကြောက်၊ မလျှောက်နေလည်း"[၅]

ဟူ၍ ရေးသား ထားပါသည်။

ယပ်စောက်ဘုရားတိုင်ရတုတွင်

"ဘဝနောင်ခါ၊ သံသရာဝယ်၊ ဖွတ်လျှာဝါးငုံ၊ မုသားပုံကို၊
ကြိုက်ကြုံသည်ထား၊ သတင်းနားမျှ၊ ကြားရသည်လျှင်၊ မဖြစ်ချင်"[၆]

ဟူ၍ ရေးသားထားပါသည်။ 'ဖွတ်လျှာဝါးငုံ၊ မုသားပုံ'ဟူ၍ ဥပစာ စကားတို့ဖြင့် လှပဝေဆာစွာ ဆိုထားသည်ကို တွေ့ရှိရပါသည်။

နတ်ရှင်နောင်သည် ဘုရားကိုတိုင်တည်လျှောက်ထားရာတွင် ရာသီသဘာဝအဖွဲ့တို့ကို တစ်ဖက်သူ နှစ်သက်ခံစားစေရန် ရေးဖွဲ့ကြသည်ကို တွေ့ရပါသည်။ ထိုအထဲမှ မိုးတောဘုရားတိုင် အဖွဲ့ကို လေ့လာ တင်ပြပါမည်။

ရွှေဆံတော်ဘုရားတိုင်ရတုတွင်

"ရက်လခါပျော်၊ နတ်စက်ပေါ်၍၊ မည်ခေါ်သန်ဦး၊ ဝါသို့ကူးက၊
ပျံ့ပျူးမိုးစည်၊ လျှပ်ရောင်ခြည်နှင့်၊ ခြောက်မည်မက၊ အစိုးရသား"[၇]

ဟူ၍ ဝါတွင်းကာလ ရွာသွန်းသောမိုးကြောင့် မယ့်အလွမ်းသန်နေပုံကို အဓိကရေးဖွဲ့ထားသည်။

မြတ်စောညီနောင်ဘုရားတိုင်ရတုတွင်

---

[၁] –ယင်း–၊ ၁၁။
[၂] နတ်ရှင်နောင်၊ ၁၉၉၆၊ ၇၂။
[၃] –ယင်း–၊ ၈၅။
[၄] –ယင်း–၊ ၆၁။
[၅] –ယင်း–၊ ၆၂။
[၆] နတ်ရှင်နောင်၊၁၉၆၆၊၆၁။
[၇] –ယင်း–၊ ၈၃။

“ညင်းညင်းပျပျ၊ ယုယခွေညောင်း၊ ညွတ်ညွတ်ပျောင်းမျှ၊
ယုံကြောင်းယုံဖွယ်၊ အသွယ်သွယ်ကို နားဝယ်မြဲမြဲ၊ ဆိုမော်လှလျက်”[၁]

ဟူ၍ရေးဖွဲ့ထားပါသည်။ နတ်ရှင်နောင်သည် ဝိစ္ဆာစကားလုံးများကို အသုံးပြု၍ အသံသာသာယာယာဖြင့် မယ့်အချစ်ကိုရကြောင်း လှည့်ပတ်ပြောဆိုနေပုံကို ပေါ်လွင်အောင်ဖွဲ့ဆိုထားပါသည်။

လှည့်စားခံရသောအကြောင်းကိုရေးဖွဲ့ရာတွင် မောင်တော်၏ အပြောကောင်းပုံ၊ လိမ်လည်ပုံကို အနက်လှ၍ အသံသာသောစကားအဖွဲ့တို့ဖြင့် စီခြယ်ထားသည်ကိုတွေ့ရှိရပါသည်။

နတ်ရှင်နောင်၏ ဘုရားတိုင်မောင်ဘွဲ့ရတုများကိုလေ့လာကြည့်ပါက မွေးဖွားရာဇာတိရှိ ဘုရားများကိုသာ လျှောက်ထားသည်က ပိုများနေသည်ကိုတွေ့ရှိရပါသည်။ ဘုရားတစ်ဆူကိုပင် အခံအလိုက်ရတုများ စပ်ဆိုထားသကဲ့သို့ တစ်ဆူတည်းသောဘုရားကိုပင် တိုင်ကြားမှုမျိုးစုံဖြင့် တိုင်ကြားလျှောက်ထားသော ရတုများကိုလည်း တွေ့ရပါသည်။ ဘုရား၏တည်နေရာနှင့် ဘုရားသမိုင်း အကျဉ်းကိုလည်း အလျဉ်းသင့်သလို ထည့်သွင်းတတ်ကြသည်ကို တွေ့ရှိရပါသည်။ ဖွဲ့ဆိုသော အကြောင်းအရာများမှာလည်း မယ်၏အချစ်ကို မရရအောင် ကြံဆောင်ပြီးမှ ရှောင်ပြေးနေသော မောင်တော်ကြောင့် မယ်၏သောကဗျာပါခံစားရမှုကို ဖော်ပြသည့် အကြောင်းအရာများပင်ဖြစ် နေပါသည်။

နတ်ရှင်နောင်က သဘာဝဥယျာဉ်မှ ပန်းမန်နှင့် အလှပုံသဏ္ဌာန်တို့ကို သင့်နိုးရာရွေးချယ်၍ ပြုပြင် ဖန်တီးထားသော အလှဥယျာဉ်အသွင် ဖန်တီးထားသည်နှင့်တူနေကြောင်း လေ့လာသုံးသပ်မိပါသည်။

## ခြုံငုံသုံးသပ်ချက်

နတ်ရှင်နောင်သည် တောင်ငူခေတ်တွင် ပေါ်ထွန်းခဲ့သော စာဆိုဖြစ်သည်။ နတ်ရှင်နောင်၏ ဘုရားတိုင် ရတုများကိုလေ့လာပါလျှင် ရတုပုဒ်ရေ ၂၁–ပုဒ်ရှိပါသည်။ နတ်ရှင်နောင်သည် မောင်ဘွဲ့ ရတုများကို ရေးသားရာတွင် ဧကပိုဒ်၊ အဖြည့်ခံ၊ ပိုဒ်စုံဟူ၍ စာဆိုအကြိုက်လိုက်၍ ဖွဲ့နိုင်ခြင်းတို့သည် စာဆို၏ခံစားမှုကိုဖွဲ့သည်ဟု အတိအကျမသတ်မှတ်နိုင်သော်လည်း ဉာဏ်စွမ်းပြရေးဖွဲ့ခြင်းဖြစ်သည်ဟု ထင်မြင်မိပါသည်။

## နိဂုံး

နတ်ရှင်နောင်သည် စာဖတ်သူတို့နှစ်လိုဖွယ်ဖြစ်အောင် စိတကူးဆန်းဆန်းဖြင့် ထီးဟန်၊ နန်းဟန်ပါအောင် ခမ်းခမ်းနားနားနား ရေးဖွဲ့ထားသည်။ ယာဉ်ကျေးသောစကားလုံးများ၊ အသံသာသောအဖွဲ့များဖြင့် စာဖတ်သူကို ဆွဲဆောင်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် တိမ်မြုပ်ပျောက်ကွယ်နေသော နတ်ရှင်နောင်၏ရတုများကို ဆက်လက်လေ့လာမည်ဆိုလျှင် မြန်မာစာပေလေ့လာသူတို့အဖို့ အကျိုးဖြစ်ထွန်းနိုင်မည်ဟု မျှော်မှန်းပါသည်။

## ကျမ်းကိုးစာရင်း

*နတ်ရှင်နောင်ရတုပေါင်းချုပ်*။(၁၉၆၆)။ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ဖေမောင်တင်၊ဦး။(၁၉၇၇)။*မြန်မာစာပေသမိုင်း*။ ရန်ကုန်၊ စပယ်ဦးပုံနှိပ်တိုက်။

[၁] –ယင်း–၊ ၉။